# ရွှေမန်းလွင်ကျေးရွာ
# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၂၆-၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွှေမန်းလွင်ကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

မာတိကာ ၂
စကားချီး ၆-၇
ရွှေမန်းလွင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် ၈
ရွှေမန်းလွင်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ဟသ်ာတမြို့နယ် ၉
ရွှေမန်းလွင်ကျေးရွာအဖွဲ့အစည်းပြပုံ၊ဟသ်ာတမြို့နယ် ၁၀

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၁၁
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၁၁-၁၂
( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု ၁၂
(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၃
(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ၁၃
( ခ) သဘာဝအရင်းအမြစ်များ ၁၃
(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၃
(က) လူဦးရေဆိုင်ရာအချက်အလက်များ ၁၃-၁၄
( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု ၁၄
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှုများ ၁၄
(ဃ) ကျန်းမာရေးနှင့်အာဟာရ ၁၄
( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၅
( စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၅
(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၅
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် ၁၅
( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၆
(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၆
(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၆
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၆-၁၇
(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၇
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၁၇
(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု- လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၈
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး ၁၈

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ ၁၈-၁၉

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ၊ ၁၉-၂၀

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၀-၂၂

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၂၂-၂၄

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၄

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၄

( ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း ၂၄-၂၅

(ဂ) ဦးစားပေးစီမံချက်များ ၂၅-၂၇

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၂၈

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၈-၂၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ ၃၀

( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ၃၀

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၃၀-၃၁

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအမံများ ၃၁

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း ၃၁-၃၂

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၃၂-၃၃

(ဂ) နည်းပညာဆိုင်ရာအကူအညီ ၃၃

နောက်ဆက်တွဲ(၁) ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၃၄-၃၅

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း ၃၆

နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၃၇

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၃၇

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၃၈-၄၄

ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၄၄-၄၅

| | | |
|---|---|---|
| ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၄၅ |
| ဇယား ၅ | ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၄၆ |
| ဇယား ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၄၇ |
| ဇယား ၇ | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၄၇-၄၈ |
| ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ | ၄၈-၄၉ |
| ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ | ၄၉-၅၁ |
| ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၅၁-၅၂ |
| ဇယား ၁၁ | ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ | ၅၂-၅၃ |
| ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ | ၅၃-၅၄ |
| ဇယား ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၅၄-၅၅ |
| ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၅၅-၅၇ |
| ဇယား ၁၅ | အဓိကသီးနှံများနှင့်အထွက်နှုန်း | ၅၇ |
| ဇယား ၁၆ | ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု | ၅၇-၅၈ |
| ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၅၈-၅၉ |
| ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ | ၅၉-၆၀ |
| ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၆၀-၆၁ |
| ဇယား ၂၀ | မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ | ၆၁-၆၃ |
| ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ | ၆၃-၆၅ |
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ | ၆၅-၆၆ |
| ဇယား ၂၃ | စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ နှင့်အခက်အခဲများ | ၆၇ |
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၆၈-၆၉ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၆၉ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၆၉-၇၀ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၇၀-၇၁ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၇၁-၇၃ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့်အခက်အခဲများ | ၇၃ |
| ဇယား ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း | ၇၃-၇၄ |
| ဇယား ၃၁ | ကျောင်းတတ်နှုန်း | ၇၄-၇၅ |

| | | | |
|---|---|---|---|
| ဇယား | ၃၂ | စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ | ၇၅-၇၆ |
| ဇယား | ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၇၆ |
| ဇယား | ၃၄ | အဖြစ်များသောရောဂါများ | ၇၆-၇၇ |
| ဇယား | ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၇၇-၇၈ |
| ဇယား | ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၇၈-၇၉ |
| ဇယား | ၃၇ | သောက်သုံးရေရရှိမှု | ၇၉-၈၀ |
| ဇယား | ၃၈ | အိမ်သာအမျိုးအစား | ၈၀ |
| ဇယား | ၃၉ | ကျား/မရေးရာ | ၈၀-၈၁ |
| ဇယား | ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၈၂ |
| ဇယား | ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၈၃ |
| ဇယား | ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၈၄ |
| ဇယား | ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ | ၈၄-၈၅ |
| ဇယား | ၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေများ | ၈၅ |
| ဇယား | ၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ | ၈၆ |
| ဇယား | ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၈၆-၈၇ |
| ဇယား | ၄၇ | ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု | ၈၇ |
| ဇယား | ၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | ၈၈ |
| | | ကိုးကားစာရင်း | ၈၉ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်မှ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ရွှေမန်းလွင်ကျေးရွာ၏ ကျေးရွာသူ/ ကျေးရွာသားများပါဝင်ရေးဆွဲထားသည့်ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့်သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသက်ဆိုင်ရာ ဝန်ထမ်းများကိုလည်းအထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့်စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင်ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့်အချက်အလက်များကိုသာအားပြုထားသော်လည်းနောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည်ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ပေါ်ပေါက်လာမည့်အခက်အခဲများ၊ရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုအခြေအနေကာလပေါ်မူတည်၍ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များနှင့်ဆက်လက်ပံ့ပိုးမှုမ

ျားရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။

ဇူလိုင်လ၂၀၂၃ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေမန်းလွင်ကျေးရွာ

ဟသ်ာတမြို့နယ်

# ယုန်သလင်းကျေးရွာအုပ်စု၊ ရွှေမန်းလွင်ကျေးရွာ
# ကွန်ကရစ်ဘောင်ချောင်းကျောက်ခင်းခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ



# ရှေ့မန်းလွင်ကျေးရွာရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ဟသာ်ာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သ လင်း | သီတင်း ကျွတ် | တန် ဆောင် မုန်း | နတ်ေ ော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက် ခွဲ | စပါးကဲ | ဓါတ်မြေ သြဇာ | ဆေးဖျန်း | ဓါတ်မြေ သြဇာ | ဓါတ်မြေ သြဇာ | စပါး ရိတ်သိမ်း | မတ်ပဲ စိုက် | ပိုးသတ် ဆေးဖျန်း | ပိုးသတ် ဆေးဖျန်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | အလွန်များ | များ | များ | များ | များ | များ | အလွန်များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | များ | များ | များ | များ | နည်း | များ | များ |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါ ဖြစ်ပွားမှု | များ | နည်း | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | များ | များ |
| ၉ | ပွဲတော် | သင်္ကြန် ပွဲ | ညောင်ရေ သွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | ခရစ္စ မတ်ပွဲ | ကရစ်နှစ် သစ်ကူး | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မိုးရေကြီး | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဟသ်ာတမြို့နယ်၊ယုန်သလင်းကျေးရွာအုပ်စု၊ ရွှေမန်းလွင်ကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင် အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန်ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ပြည်ထောင်စုအဆင့်အစိုးရ အဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့်အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့်ကျွန်ုပ်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သောရင်းတို့၏သုတသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံချက်များကိုနှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည်မြန်မာနိုင်ငံ၏အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်တွင်တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည်မြောက်လတ္တီတွဒ်၁၇ဒီဂရီ ၁၅မိနစ်နှင့် ၁၇ဒီဂရီ၅၀မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၁၀မိနစ်နှင့်၉၅ဒီဂရီ၃၅မိနစ်ကြားတွင်တည်ရှိပြီးအကျယ်အဝန်းမှာ(၃၇၈.၆၅)စတုရန်းမိုင်ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့နယ်သည်အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီးလက်ပံတန်းမြို့နယ်၊ အရှေ့တောင်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင်ကျုံပျော်မြို့နှင့်ခနုဖြူမြို့နယ်၊ အနောက်မြောက်ဘက်တွင်အင်္ဂပူမြို့နယ်တို့နှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည်သမမျှတသောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန်(၄၂.၈ °C)ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ(၂၇ °C) ဖြစ်ပါသည်။တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီးပျှမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

ရွှေမန်းလွင်ကျေးရွာသည်ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ ယုန်သလင်းကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ဟသ်ာတမြို့နယ်နှင့်(၁၅)မိုင်ကွာဝေးပါသည်။ပတ်ဝန်းကျင်ကျေးရွာများမှာ ကြီးတောကြီးကျေးရွာ၊အနောက်ရွာမကျေးရွာတို့ဖြစ်ပါသည်။ ရွှေမန်းလွင်ကျေးရွာသည် လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်သောဒေသတစ်ခုလည်းဖြစ်ပါသည်။ အခြားလုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သောဒေသဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ရွှေမန်းလွင်ကျေးရွာသည် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိ ပါ။ သို့သော် ဆေးဘက်ဝင်အပင်များဖြစ်သည့် ဂျင်း၊ နနွင်း၊ ရှောက်သီးပင်၊ သံပုရာပင်နှင့်ရှားစောင်းလက်ပက်ပင်များ ပေါက်ရောက်သော ဒေသတစ်ခုဖြစ်ပါသည်။ အခြားလုပ်ငန်းများကိုလည်း လယ်မြေနှင့် ခြံမြေများ အသင့်အတင့်ရှိကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူအားလုံးမှာ မိုးရေကို အဓိကအားထား၍ စပါးစိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲကိုစိုက်ပျိုးပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ရွှေမန်းလွင်ကျေးရွာတွင် အိမ်ထောင်စု(၁၁၈)စုရှိပြီး လူဦးရေစုစုပေါင်း(၄၂၆)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင်(၄)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်

လျှင် (၅)ဦးနှုန်းထက်လျော့နည်းနေပါသည်။ အသက် (၁၅နှစ်မှ ၆၄ နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၅%)ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့်(၆၄)နှစ်အထက် လူဦးရေစုစုပေါင်း(၂၈%)ခန့်သည် မှီခိုသူများဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏(၂၇%)မှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ(၁၀)စုရှိပြီး လယ်(၇၀)ကေနှင့် ခြံ(၅၈)ကေအထက်ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ အိမ်အနေအထားမှာလည်း သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာများကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အိမ်ထောင်စုများမှာ (၆၉)စုရှိပြီး ခြံမြေ(၁၂၁.၆၅)ကေ ကြား ပိုင်ဆိုင်ကြတာ ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးသည့် အိမ်အမျိုးအစားများဖြစ်ကြပါသည်။ ခြံမြေသုံးစက်ကိရိယာ အနည်းငယ်နှင့် ကြက်၊ဘဲ၊ ဝက်များကိုလည်း တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ဆင်းရဲသော အိမ်ထောင်စု(၃၂)စုရှိပြီး ခြံမြေ(၂၃.၉၇)ကေ အောက်ပိုင်ဆိုင်ကြပါသည်။ ခြံမြေသုံးကိရိယာများပိုင်ဆိုင်မှုမရှိပါ။ အိမ်အခြေအနေမှာ ဝါး၊ ထရံကာ၊ သွပ်မိုးအိမ်များဖြင့် နေထိုင်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ(၇)အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများဖြစ်ပါသည်။ ကျေးရွာအိမ်ထောင်စု၏(၆%)ခန့်မှာ ကျဘန်းလုပ်ကိုင်ကြသူများဖြစ်ပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု**

ရွှေမန်းလွင်ကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၃၉)စုရှိသည့် အနက်(၂၇)ရာခိုင်နှုန်းမှာ(၃)လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်ပါသည်။ ၎င်းတို့သည် လုပ်အားခကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်းအပြင် အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော မိသားစုဝင်များထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရေး ဖြေရှင်းနေကြရပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာလျှင် ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စု(၃၃%)ခန့်မှာ အခက်အခဲကြုံတွေ့ရနိုင်ပါသည်။

**(ဃ)ကျန်းမာရေးနှင့်အာဟာရ**

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၃)မိုင်ခန့်ကွာဝေးသော နိဗ္ဗာန်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြရပါသည်။ အရေးပေါ်ကိစ္စရပ်များအတွက်(၁၇)မိုင်ခန့်ကွာဝေးသော ဟင်္သာတပြည်သူ့ဆေးရုံသို့သွားရောက်ပြသကြရပါသည်။ ရွှေမန်းလွင် ကျေးရွာတွင် အဝီစိတွင်း(စက်တပ်)(၆၉)တွင်း၊ အဝီစိတွင်း(တုံကင်)(၅၀)တွင်းရှိသဖြင့် သောက်သုံးရေအတွက်လုံလောက်မှုရှိပါသည်။ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်စက်ရေတွင်း(၁)တွင်းတူးဖော်ပေးပါက ကျန်းမာရေးအတွက် လွန်စွာအကျိုးရှိမည်ဖြစ်ပါသည်။ အမျိုးသမီး၊ လူငယ် လူရွယ် သက်ကြီးပိုင်းတို့သည်လည်းတစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ကျန်းမာရေး အသိအမြင်ရှိပါသည်။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရပြည့်ဝကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ရွှေမန်းလွှင်ကျေးရွာမှ ကျောင်းသူ/သားများသည်(၁)မိုင်ခန့်ကွာဝေးသော အ.ထ.က ယုန်သလင်းကျောင်းသို့ တက်ရောက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများအားလုံး သည် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာသူ/သားများတွင် ဘွဲ့ရသူဦးရေအသင့်အတင့်ရှိပါသည်။

ကျေးရွာရှိလယ်မြေများတွင် မိုးရာသီစပါးနှင့် ဆောင်းရာသီတွင် မတ်ပဲတို့ကိုနှစ်သီးစားစိုက်ပျိုးကြ ပါသည်။ ဥယျာဉ်ခြံများတွင် ကလော၊ ကွမ်း၊ ငှက်ပျောများကိုစိုက်ပျိုးကြပါသည်။ ကြက်၊ဝက်၊ဘဲ၊ ဆိတ်များကိုတစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ကိုယ်ပိုင်လယ်ယာမြေမရှိသော အိမ်ထောင်စုများအနေဖြင့် လယ်ယာလုပ်ငန်းတွင် ကျဘန်းလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပြီး တစ်နိုင်တစ်ပိုင်ဈေးဆိုင်အရောင်း အဝယ်၊ ပန်းရံ၊ လက်သမား၊ ခေါင်းရွက်ဗျက်ထိုး အစရှိသည့် လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ အစိုးဌာန များတွင် ဝင်ရောက်အမှုထမ်းသော အစိုးရဝန်ထမ်း အနည်းငယ်သာရှိပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ရွှေမန်းလွှင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေထက် အနည်းငယ်များပါသည်။ စပါးစိုက်ချိန်နှင့် စပါးသိမ်းချိန်တွင် အမျိုးသားတစ်ဦးလျှင်(၆၀၀၀)ကျပ်မှ(၅၀၀၀) ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင်(၅၀၀၀)ကျပ်မှ (၄၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသား/အမျိုးသမီးလူဦးရေမှာ မျှတပြီး အမျိုးသမီး ဦးရေမှာ အနည်းငယ်များပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ကြပါသည်။ သို့သော်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင် ခွင့်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အနည်းငယ်အားနည်းနေဆဲဖြစ်ပါသည်။

### (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူငယ်အဖွဲ့နှင့် ဂေါကဂအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေကြပါသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာရှိ လယ်သမားများသည် စပါးနှင့်မတ်ပဲတို့ကိုသာ အဓိကစိုက်ပျိုးကြပြီး စိုက်ကေ(၃၆)ကေ စိုက်ပျိုးကြပါသည်။ စိုက်ခင်းအားလုံးသည် အစေ့ချစနစ်ကိုကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ပံ့ပိုးသောချေးငွေမှာ မြေပြင်ဆင်စရိတ် စိုက်ပျိုးစရိတ်ကို အထောက်အကူပြုပါသည်။ ပီလောပီနံစိုက်ခင်းကေ မှာ(၁၅၈.၅၄)ကေ နီးပါးစိုက်ပျိုးကြသည်ကိုလည်းတွေ့ရှိရပါသည်။ ရွှေမန်းလွင်ကျေးရွာတွင် ဝက်၊ ကြက်၊ ဘဲ ၊ ဆိတ်များကိုလည်း မွေးမြူကြပါသည်။ မွေးမြူရေးတိုးတက်ရန် နည်းပညာနှင့်ရောဂါကာကွယ် ထိန်းချုပ်ရန်လို အပ်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ရွှေမန်းလွင်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းနှင့်လုပ်ကိုင်သူများမှာ ကုန်စုံဆိုင်များ၊ ပန်းရံလုပ်သား၊ သံချည်သံကွေးနှင့် ဈေးသည် အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ရွှေ့ပြောင်းလုပ်သား အနည်းငယ်နှင့် အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းနေသော ဝန်ထမ်းများလည်းရှိသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ရွှေမန်းလွင်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ဆောင်သော ကျေးရွာဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတလေ့လာမှုအားနည်းမှုများကြောင့်စိုက်ခင်းနှင့် မတ်ပဲစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ရာတွင် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ များကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ရွှေမန်းလွင်ကျေးရွာသည် မုန်တိုင်းအန္တရာယ်မှာ နည်းပါသည်။ အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့် အဖွဲ့၊ မည့်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်းမရှိပါ။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လက်ကိုင်ဖုန်း၊ ရေဒီယို၊ တီဗွီ၊တို့မှ သိရှိရပါသည်။ မြို့နယ်နှင့်ဝေးကွာသည့်အတွက် ဒေသလုံခြုံရေးအား ကျေးရွာအုပ်စုရဲစခန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေချေးရန်အရင်းအမြစ်များမှာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဝါယမဦးစီးဌာနတို့ဖြစ်ပါသည်။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလယ်သမားများကိုသာထုတ်ချေးပြီးတစ်ကေလျှင် (၁၅၀၀၀၀) ကျပ်နှုန်းထုတ်ချေးပေးပါသည်။ သို့သော်စိုက်ပျိုးစရိတ်များ၊ သွင်းအားစုတန်ဖိုးများ မြင့်တက်လာမှုကြောင့် မလောက်ငှာ သည့်အပြင် စိုက်ပျိုးစရိတ်အချိန်မီမရရှိသဖြင့် များစွာအခက်အခဲဖြစ်ရပါသည်။ အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီးလတိုးဖြစ်

ပါသည်။ ထုတ်ချေးသည့်ကာလမှာ(၇)လဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေပမာဏအား နှစ်ရှည်(အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါကပိုမိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပါသည်။

သမဝါယမအဖွဲ့မှငွေထုတ်ချေးသည့်အစီအစဉ်မှာအဖွဲ့ဝင်ဖြစ်လျှင်ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅၀၀၀)ကျပ်စုရသည်။စိုက်ပျိုးရေးအတွက်သာထုတ်ချေးပေးပါသည်။ငွေပမာဏမှာတစ်ဦးလျှင်ပထမအကြိမ်တွင် (၁၀၀၀၀၀)ကျပ်ထုတ်ချေးနိုင်ပါသည်။

ပတ်-မြန်မာငွေကြေးဝန်ဆောင်မှုအဖွဲ့များ အနေဖြင့်ကျေးရွာတွင်အကောင်အထည်ဖော်ဆောင်နေသည်မှာ (၃)နှစ်ခန့်ရှိပြီဖြစ်ပါသည်။စိုက်ပျိုးရေးချေးငွေနှင့် ကျပန်းချေးငွေဟူ၍ နှစ်မျိုးရှိပါသည်။ စိုက်ပျိုးရေးချေးငွေမှာ (ပထမ)နှစ်တွင် (၂၀၀၀၀၀)ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ(၈၀၀၀၀)ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇)လိုအပ်ပါသည်။ သို့ရာတွင် ကျပန်းမိသားစုများအနေဖြင့် ငွေးချေးရန်အခက်အခဲဖြစ်နေပါသည်။ အဘယ်ကြောင့်ပြန်လည် ပေးဆပ်မှုပုံစံမှာ(နှစ်ပတ်လျှင်တင်ကြိမ်) ပေးဆပ်ရခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်း ပညာများမရှိခြင်းတို့ကြောင့် ဖြစ်သည်။

**(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ရွှေမန်းလွင်ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် အထက်တန်းကျောင်းအား(၁)မိုင်ခန့်ကွာဝေးသော ယုန်သလင်းကျောင်းသို့ သွားရောက်တက်ရောက်ရပါသည်။

အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသူ/သားများအား တိုက်တွန်းအားပေးရန်နှင့်စာကျက်ဝိုင်းများပြု လုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာအရေးပါလှပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ကျေးရွာနှင့်(၃)မိုင်ခန့်ကွာဝေးသော နိဗ္ဗာန်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသရပါသည်။ အကြီးစားကျန်းမာရေးအတွက် ဟင်္သာတမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။ ရွှေမန်းလွင်ကျေးရွာတွင် အဝီစိတွင်း(စက်တပ်)(၆၉)တွင်း၊ အဝီစိတွင်း(တုံကင်)(၅၀)တွင်းရှိသဖြင့် သောက်သုံးရေ အတွက်လုံလောက်မှုရှိပါသည်။ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း(၁)တွင်းတူးဖော်ပေးပါက ကျန်းမာရေးအတွက် အကျိုးရှိမည်ဖြစ်ပါသည်။ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲကြပါသည်။ ယင်လုံအိမ် သာဆောက်ကြရန်နှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်းမှာ အဓိကကျကြောင်း ဆွေးနွေး ကြပါသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များမှာကျေးရွာ၏သာရေး၊ နာရေး၊ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များတွင် တက်ကြွစွာပါဝင် လှုပ်ရှားဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်စာကြည့်တိုက်တစ်ခုလည်းလိုအပ်ပါသည်။ လူငယ်များမှာကျေးရွာ၏ သာရေး၊ နာရေးလုပ်ငန်းများတွင်သာမက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

**(၈) အခြေခံအဆောက်အဦများလက်လှမ်းမီမှု– လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ရွှေမန်းလွင်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍာ၌ ကုန်းလမ်းကိုသာ အသုံးပြုကြပါသည်။ တစ်နှစ်ပတ်လုံးကုန်းလမ်းတစ်ခုတည်းကိုသာ အသုံးပြုကြပါသည်။ ရွှေမန်းလွင်ကျေးရွာအနေဖြင့် ဟသ်ာတမြို့သို့သွားရာတွင် ဆိုင်ကယ်၊ ကား၊ မီးရထားတို့ဖြင့် နွေရော မိုးပါသွားလာကြပါသည်။ ကျေးရွာတွင် မီးအလင်းရောင်အတွက် မဟာဓာတ်အားလိုင်း မီး၊ ဆိုလာမီး၊ ဘတ်ထရီမီး တို့ကိုအသုံးပြုကြပါသည်။ ကျေးရွာတွင် Mytel ဖုန်းလိုင်းများဖြင့် အများဆုံးက်သွယ်နိုင်ပါသည်။MPT ၊ATOM ဆက်သွယ်ရေးဖုန်းလိုင်းများဖြင့် ဆက်သွယ်အသုံးပြုနိုင်ပါသည်။

**(၈) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာအတွင်းအိမ်ထောင်စုများသည် မိသားစုပမာခင်မင်ရင်းနှီးစွာနေထိုင်တတ်သော ဓလေ့ရှိကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာနေထိုင်ကြပါသည်။အခြားအမှုအခင်းဖြစ်ပွားခြင်း လုံးဝမရှိပါ။

**(၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

ရွှေမန်းလွင်ကျေးရွာအနေဖြင့် လယ်ယာနှင့် ပီလောပီနံစိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေယာအား အသင့်အတင့်အသုံးချနိုင်ခြင်း၊ သီးနှံမျိုးစေ့များကို ဝယ်ယူ၍ ရနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများအလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားအသင့်အတင့်ရရှိခြင်း၊ သီးနှံရောင်းချရန်ဈေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံး ကိရိယာများအား အသင့်အတင့်ပိုင်ဆိုင်ခြင်းတို့ ဖြစ်သည်။

**(၂) မွေးမြူရေး**

ရွှေမန်းလွင်ကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေကောင်းများမှာ ရေအသင့်အတင့်ရှိခြင်း၊ တိရိစ္ဆာန်မျိုးကောင်းမျိုးသန့်များဝယ်ယူရရှိနိုင်ခြင်း၊ လိုအပ်သော သွင်းအားစုများကိုအလွယ်တကူဝယ်ယူနိုင်ခြင်း၊ ရေခံမြေခံကောင်းမွန်ခြင်း၊ ထုတ်ကုန်များကို ရောင်းချရန်ဈေးကွက်ရှိခြင်း၊ မွေးမြူရေးသုံးကိရိယာများပိုင်ဆိုင်ခြင်းတို့ဖြစ်သည်။

**(၃) ပညာရေး**

ရွှေမန်းလွင်ကျေးရွာအတွက် အခြေအနေကောင်းများမှာ အထက်တန်းကျောင်းနှင့်(၆)ဖာလုံခန့်သာကွာဝေးခြင်းဖြစ်ပါသည်။

### (၄) ကျန်းမာရေး

ရွှေမန်းလွင်ကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ ယုန်သလင်း ရွာလယ်တွင် ကျေးလက်ကျန်းမာရေးဌာနရှိခြင်းနှင့် နိဗ္ဗာန်ပြည်သူ့ဆေးရုံနှင့်(၅)မိုင်သာ ကွာဝေးခြင်း တို့ဖြစ်သည်။

ရွှေမန်းလွင်ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေ စုစုပေါင်းမှာ(၃၁၂)ဦးရှိပြီး၊ ကျေးရွာလူ ဦးရေ၏ (၇၄%)ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရ များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအ တွက် လူ့စွမ်းအားအရင်းအမြစ်များရှိနေပါသည်။ လူကြီး လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင် ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ် ရာပင်ဖြစ်သည်။

ရွှေမန်းလွင်ကျေးရွာတွင် မိုးစပါး၊ မတ်ပဲနှင့် ပီလောပီနံတို့ကို စိုက်ပျိုးထုတ်လုပ်သည်။ ရောင်း ချသည့်အချိန်တွင် ဈေးမကောင်းသောကြောင့် မိမိလုပ်အားခပြန်ရရုံထုတ်လုပ်မှုအဆင့်သာရှိသော် လည်း လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စပါး၊မတ်ပဲ ၊ ပီလောပီနံ ရောင်းဝယ်ဖောက်ကားမှု၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များတွင် ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့် စာနပ်ရိက္ခာကိုအတန်အသင့်ဖူလုံစေပါသည်။

စီးပွားရေးမြို့တော်ဖြစ်သည့် ဟသ်ာတမြို့နယ်နှင့်(၁၅)မိုင်သာ ကွာဝေးသည်ဖြစ်၍ ကျေးရွာရှိ သီးနှံထုတ်လုပ်ရောင်းချသူများအနေဖြင့် ဈေးကွက်သို့အလွယ်တကူတင်ပို့ရောင်းချနိုင်သည်။

ရွှေမန်းလွင်ကျေးရွာရှိ မိဘ/ဆရာအသင်းသည် တက်ကြွစွာဖြင့် လိုအပ်ချက်များကို ဆောင် ရွက်နိုင်သဖြင့် ပညာရေးအတွက် အလားအလာကောင်းများဖြစ်ပေါ်စေပါသည်။ ထို့အပြင် အထက် တန်းကျောင်းမှာလည်း ကျေးရွာနှင့်(၆)ဖာလုံခန့်သာ ကွာဝေးသဖြင့် နေ့ချင်းပြန်ကျောင်းတက်နိုင် သည်ဖြစ်ရာ ကုန်ကျစရိတ်နည်းပါးစွာဖြင့် ပညာတတ်လူငယ်များထွက်ပေါ်လာမည်ဖြစ်သည်။

ကျေးရွာအတွင်းရှိ လူငယ်များအနေဖြင့် သာရေး၊ နာရေး ၊ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးခေါင်းဆောင်များ၊ လူကြီး သူမများ၏ ဆုံးမမှုများကြောင့် မှုခင်းများမရှိခြင်းကလည်း၊ ကျေးရွာတိုးတက်ရေးအတွက် အခွင့် အလမ်းတစ်ရပ်ဖြစ်ပါသည်။

### (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ရွှေမန်းလွင်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေး၊ ကဏ္ဍာမှလွဲ၍ အဖွဲ့တစ်ခုနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အားနည်းမှုရှိနေ ပါသည်။

(၁)စိုက်ပျိုးရေး

ရွှေမန်းလွင်ကျေးရွာတွင် စပါးခင်းများအချိန်မီရိတ်သိမ်းနိုင်ရန်အတွက် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းသုံးစွဲအသုံးပြုလိုသော်လည်း လယ်ကွက်များ၏အကျယ်အဝန်းမှာ ကျဉ်းမြောင်းခြင်းတို့ကြောင့် စက်ရွှေ့ရာတွင် အချိန်ကြန့်ကြာမှုရှိခြင်း စသည်တို့ကြောင့် မိမိတို့ကျေးရွာနှင့်သင့်တော်ရာငှားရမ်းရန်ခက်ခဲနိုင် ပါသည်။

ခေတ်နှင့်လျော်ညီသော စိုက်ပျိုးရေး၊ နည်းပညာများကို ရရှိမှု အားနည်းခြင်းကြောင့် ရလဒ်ကို အထင်းအရှားမမြင်ရနိုင်၍ နည်းပညာပြန့်ပွားမှုနှင့် အကျိုးအမြတ်ဖြစ်ထွန်းစေရန် များစွာအချိန်ယူရအုံးမည်ဖြစ်သည်။

(၂) မွေးမြူရေး

ရွှေမန်းလွင်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းများအတွက် အခက်အခဲများမှာ လုံလောက်သောအရင်း အနှီးမရှိခြင်း၊ စားကျက်မြေရှားပါးခြင်း၊ သွင်းအားစုများ ဈေးနှုန်းကြီးခြင်း၊ မွေးမြူထားသောထုတ်ကုန် များရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းတို့ဖြစ်ပါသည်။

(၃) ပညာရေး

ပညာရေးအတွက် အခက်အခဲများမှာ အချို့ကျောင်းသား/သူများသည် လျှပ်စစ်မီးမရရှိသည့်အတွက် ညဘက်စာဖတ်သည့်အခါ ခက်ခဲခြင်းတို့ဖြစ်သည်။

(၄) ကျန်းမာရေး

ရွှေမန်းလွင်ကျေးရွာအရေးကြီးသော ကျန်းမာရေးအခက်အခဲမှာ ကျေးရွာတွင်သုံးစွဲနေသောသောက်သုံးရေများသည် သန့်ရှင်းခြင်းမရှိသည့်အပြင် ဓာတ်သတ္တုများစွာပါဝင်နေသဖြင့် ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းဆိုင်ရာရောဂါအများအပြားခံစားရခြင်း၊ တိုက်နယ်ဆေးရုံ(ယုန်သလင်း)စီမံကိန်းရရှိပြီးဖြစ်သော်လည်း ဆက်လက်အကောင်အထည်ဖော်နိုင်ရန် အခက်အခဲများရှိနေခြင်း၊ ကျန်းမာရေးနှင့် ပတ်သက်သည့် လိုအပ်သော အထောက်အပံ့များမရရှိခြင်းတို့ဖြစ်သည်။

စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တက်မြောက်မှုအားနည်းခြင်း ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန်နည်းပညာများမသိရှိခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်းစသည်တို့ကလည်း လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။

ရွှေမန်းလွင်ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့များ၊ ဖူလ်တန်စသည်တို့မှ ချေးငွေများရရှိသော်လည်း တင်းကြပ်သောချေးငွေ စည်းမျဉ်း စည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများဖြစ်နေဆဲဖြစ်ပါသည်။

ကျေးရွာဓလေ့မှာ လူကြီးများကိုသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာနောက်ကျ ကျန်နေကြရသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ

ကျွန်ုပ်တို့ရွှေမန်းလွင်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ထို့ကြောင့်ပင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းအဖွဲ့ဖြင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သောနည်းလမ်းဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့်ပန်းတိုင်ရောက်ရှိရေးအကောင်အထည်ဖော်မည့်နည်းဗျူဟာများကိုဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင်ကျေးရွာသူ၊ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီးကလေးများနှင့်လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း(၂၀၂၂ခုနှစ်မှ၂၀၂၆ခုနှစ်) အတွင်းအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက်အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့်သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရမည်။

(၂) ရွာလူထုသည်စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြင့်ထုတ်လုပ်ခြင်းအားတိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့်ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကိုပိုမိုတိုးတက်စေခြင်းနှင့်အသက်မွေးဝမ်းကျောင်းပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီးစီးပွားရှာဖွေနိုင်စွမ်းနှင့်ဝင်ငွေတိုးမြင့်လာစေရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စီမံကိန်းများကိုအောက်ဖော်ပြပါ အကောင်အထည်ဖော်ရေးနည်းဗျူဟာများကျင့်သုံး၍စနစ် တကျဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကိုရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သက်ဆိုင်ရာသို့တင်ပြထားခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးကော်မတီဖွဲ့စည်းခြင်း၊ ငွေကြေးများကိုကြိုတင်စုဆောင်းထားခြင်းများကို အရေးတကြီးဆောင်ရွက်ရန်လိုအပ်ပါသည်။

(၂) ကျေးရွာတွင်း လမ်းများနှင့်ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာ

လူထုလုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။ ထို့ပြင်ကျေးရွာတွင်း ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန်အတွက် ကုန်ထုတ်လမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာဆောင်ရွက်သွားပါမည်။

(၃) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့်အရည်အသွေးကောင်းပြီး စျေးကွက်အတွင်း လူကြိုက်များသော သီးနှံများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့်စိုက်ပျိုးရေးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံ အလုပ်ရုံများ တိုးတက်မြင့်လာစေရန် ဖိတ်ခေါ်ရန်၊ စျေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များစျေးနှုန်းပိုမိုရရှိရန်လိုအပ်နေပါသည်။

(၅) ကျေးရွာအတွင်းတွင် လယ်သမားအတွက်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်အသေးစားလုပ်ငန်းများအတွက်လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့်စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည်ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအားနိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်ထိမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုအကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့သည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကိုပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအားအချိန်မှန်ပြန်လည်သုံးသပ်၍ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

**(ခ)ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ**

ရွှေမန်းလွင်ကျေးရွာလူထု၏လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက်လုံလောက်သောချေးငွေများရရှိမှုကလည်းအဓိကဖြစ်ပါသည်။ ကျေးရွာများတွင်ချေးငွေထုတ်ချေးပေးနေသောမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဆောင်းသီးနှံ (ကာလတိုချေးငွေ)တစ်ခုတည်းကိုသာဦးစားပေးဆောင်ရွက်ပေးနေသောကြောင့်အခြားသီးနှံ စိုက်ပျိုးသူတောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။တောင်သူအများစုသည်ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သောငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ကျေးရွာသူ/သားများလိုအပ်သောချေးငွေများထုတ်ချေးပေးနိုင်ရန်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များကို လျှော့ချပြီးဒေသလိုအပ်ချက်နှင့်အညီပြောင်းလဲသင့်ပါသည်။

**(ဂ)အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက်အထောက်အပံ့များဖြည်းဆည်းပေးခြင်း**

ရွှေမန်းလွင်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်စိန်ခေါ်ချက်တစ်ရပ်မှာစိုက်ပျိုးထုတ်လုပ်သူများ၏ဈေးကွက်ဆိုင်ရာသဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့်အရည်အသွေးကောင်းမွန်သောထုတ်ကုန်များရရှိရေးအတွက်ခေတ်မီသောနည်းပညာများလိုအပ်ခြင်းပင်ဖြစ်သည်။ဟင်္သာတမြို့နှင့် (၁၅)မိုင် ခန့်သာဝေးလှသော်လည်းရာသီမရွေးသွားလာနိုင်ခြင်း၊သယ်ယူပို့ဆောင်ရေးယာဉ်များရှိခြင်းစသည့်အားသာချက်ကိုအမှီပြု၍ဒေသထွက်ကုန်များကိုသင့်တော်သောဈေးနှုန်းဖြင့်ရောင်းချရန် ဈေးကွက်သဘောတရားများကိုနားလည်အောင်ရှင်းပြပေးနိုင်မည့်မြို့နယ်အဆင့်မှစိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၏ပူးပေါင်းလမ်းပြဖေးမမှုများကလည်းအရေးပါလှပါသည်။

ထို့အပြင်အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေးသင်တန်းများစီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကိုဖန်တီးပေးရုံသာမက၊ ကျေးရွာများအလိုက်ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသောဝန်ဆောင်မှု လုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက်စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့်ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊အဖွဲ့အစည်းများအနေဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုချေးငွေအစီအစဉ်များဖြင့်ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါကမြန်ဆန်စွာတိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင်ဒေသထွက်ကုန်ကြမ်းများကိုသာရောင်းချမည့် အစားအရည်အသွေးရှိသောတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကိုထိရောက်စွာအသုံးချနိုင်ရုံသာမက ဒေသတွင်း တစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့်ကျေးရွာ၏ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊အခြားဒေသများတွင်ရွှေ့ပြောင်းလုပ်ကိုင်နေသူများအားမိမိနေရပ်သို့ပြန်လာ၍လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုး

တက်လာစေပြီးမိသားစုများပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့်ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီးဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းစေရေးကိုအထောက်အကူပြုနိုင်ပေမည်။

## (ၑ) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့်နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင်အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင်ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန်စီမံချက်များသည်ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည်(၅)နှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲချိန်တွင်စိစစ်ရွေးချယ်ထားသည်။ဦးစားပေးစီမံချက်များမှာပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။သို့ဖြစ်ပါ၍ကျေးရွာလူထုသည်စီမံချက်များကိုအကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ် တာကာလအတွင်းဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန်လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင်(၅)နှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည်အနည်းနှင့် အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်းစီမံကိန်း(၅)နှစ်တာအတွင်းထပ်တိုးစီမံကိန်းများရှိလာနိုင်ပါသည်။

ထိုကြောင့်ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက်ဘဏ္ဍာ ရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရလွယ်ကူစေရန်ဦးတည်ပါသည်။ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စများနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။သို့ဖြစ်၍ကျွန်ုပ်တို့(၅)နှစ်တာအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုပြင်ဆင်ရမည်ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအားကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည်စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင်များစွာအထောက်အကူပြုပါမည်။ Functional classificationသည်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကိုသိရှိနားလည်ရန်အထောက်အကူပြုပါသည်။(Economic classification) သည်စီမံချက်များ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအားအကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက်လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင်(ဥပမာ–စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**(၂)ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economicclassification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည်မည်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure)ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့်ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ–ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင်ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၅)စုထဲမှ(၁၀)ဦးကဦးစားပေးရမည့်စီမံချက်များကိုအမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁၀၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကိုဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *လျှပ်စစ်ကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၂။ သန့်ရှင်းသောသောက်သုံးရေရရှိရန်ဆောင်ရွက်ခြင်း | ၉၀ | ၂ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း<br>• လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန်အခက်အခဲမရှိခြင်း၊ မြေနေရာရရှိနိုင်ခြင်း | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| **ကျန်းမာရေး** | ၃။ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၈၀ | ၃ | • အသိပညာရှင်များ၊နည်းပေးလမ်းညွှန်သူများ၊သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ မြေနေရာအတွက်စီမံထားရှိပြီးဖြစ်ခြင်း | သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၄။ အစည်းအဝေးခန်းမတည်ဆောက်ခြင်း | ၇၀ | ၄ | • အသိပညာရှင်များ၊နည်းပေးလမ်းညွှန်သူများ၊သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ မြေနေရာအတွက်စီမံထားရှိပြီးဖြစ်ခြင်း<br>• မြေနေရာလှူဒါန်းမည့်သူများရှိခြင်း | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၅။ ပရဟိတယာဉ်ရရှိရန်ဆောင်ရွက်ခြင်း | ၆၀ | ၅ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ယာဉ်ထားရန်မြေနေရာအရံသင့်ရှိခြင်း။<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်အောင်ဆောင်ရွက်ခြင်း | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

**(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထု၏ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကိုအကောင် အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကိုကွင်းဆင်း ဆောင်ရွက်ချက်များအားအခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုနှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကိုအောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၃ | | | ✔ | | |
| ၄။ | အစည်းအဝေးခန်းမရရှိအောင်ဆောင်ရွက်ခြင်း | ၄ | | | | ✔ | |
| ၅။ | ပရဟိတယာဉ်ရရှိအောင်ဆောင်ရွက်ခြင်း | ၅ | | | | | ✔ |

**၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက်ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကိုလုပ်ငန်းတစ်ခုချင်းစီအလိုက်အသေးစိတ်ဖော်ပြထားပါသည်။၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊အကျိုးခံစားသူဦးရေ၊အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကိုပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာအသေးစိတ်အထောက်အပံ့များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန်ဦးစားပေးသတ်မှတ်ရာတွင်ဘတ်ဂျက်၊ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီးနှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စရပ်များနှင့်အစိုးရဘတ်ဂျတ်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်း

လဲရန်ဖြစ်ပါသည်။ကျေးရွာလူထုမှငါးနှစ်တာကာလအတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက်ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရန်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။

ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သာထည့်ဝင်မှုဥပမာ- လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကွန်ကရစ်လမ်းခင်းခြင်း | ၁၅၀ | | ✔ | | |
| ၂။ | သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၃။ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | - | | ✔ | | |
| ၄။ | အစည်းအဝေးခန်းမရရှိအောင်ဆောင်ရွက်ခြင်း | - | | ✔ | | |
| ၅။ | ပရဟိတယာဉ်ရရှိအောင်ဆောင်ရွက်ခြင်း | - | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ**

